## ၁။ ကိုကိုးဖလံ

**Cocoa tussock moth: *Orgyia postica* (Walker, 1855)**

**Lepidoptera: Erebidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်သည်အဝါရောင်ရှိပြီးအညိုရောင်အမွေးကြဲကြဲဖုံးထားပြီးကျောနှင့်ဘေးဖက်အပိုင်းတွင်အညိုရောင်အစင်းများတွေ့ရသည်။လောက်ကောင်၏ရင်ပိုင်းနှင့်ဝမ်းဗိုက်ပိုင်းများတွင်အညိုရောင်အမွေးများပါရှိသည်။အကောင်ကြီး(အထီး)သည်အညိုရောင်ရှိပြီးဝမ်းဗိုက်တိုသည်။အကောင်ကြီး(အမ)တွင်အတောင်ပံမပါရှိပါ။

**ဖျက်ဆီးပုံလက္ခဏာများ**





အရွက်ကြွေခြင်းများဖြစ်ပေါ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၅-၆)ရက် |
| လောက်ကောင်အဆင့် | -(၁၅-၂၆)ရက် |
| ရုပ်ဖုံး  အဆင့် | -(၄-၇)ရက် |

အကောင်ကြီး အဆင့်          – (၅) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပိုးလောက်ကောင်များနှင့် ရုပ်ဖုံးအိမ်များကို စုဆောင်းဖျက်ဆီးပါ။

(၂) ထိသေ၊စားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- အင်ဒိုဇာကပ် (Indoxacarb)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)